ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၄ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၂၉ / ၂၀၁၄)

| | |
|---|---|
| ဦးရဲလင်း(ပိုင်ရှင်)<br>ဂေါ်ဇီလာဆပ်ပြာစက်ရုံ<br>အမှတ်(၄၂/၁၀၄)၊စက်မှု(၇)လမ်း<br>စက်မှုဇုန်အမှတ်(၁)၊ရွှေပြည်သာမြို့နယ် | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးအောင်သီဟ(Supervisor)<br>ဂေါ်ဇီလာဆပ်ပြာစက်ရုံ<br>အမှတ်(၀၆/၅)၊ပဒေသာလမ်း၊ဖော့်ကန်ရပ်ကွက်၊<br>အင်းစိန်မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၁)၊ စက်မှု(၇)လမ်း၊ အမှတ်(၄၂/၁၀၄)ရှိ ဂေါ်ဇီလာဆပ်ပြာစက်ရုံ ပိုင်ရှင် ဦးရဲလင်းနှင့် အလုပ်သမားဖြစ်သူ ဦးအောင်သီဟ (Supervisor)တို့အကြားဖြစ်ပွားသော အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က၊ အမှုအမှတ်(၅၂/၂၀၁၄) အဖြစ်ကြားနာစစ်ဆေးခဲ့ပြီး(၂-၉-၂၀၁၄)ရက်စွဲဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်ဖြစ်သူက မကျေနပ်သည့်အတွက် ပြန်လည်စဉ်းစားဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခဲ့ပေသည်။

၂။ ခုံသမာဓိကောင်စီသည် အထက်အဆိုပါ အလုပ်ရှင်၏ လျှောက်ထားချက်ကို အငြင်းပွားမှုအမှတ်(၂၉/၂၀၁၄) အဖြစ်လက်ခံခဲ့ပြီး၊ ခုံအဖွဲ့ဖြင့်စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ပေသည်။

(signatures)

၃။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည်၊ အထက်ဖော်ပြပါအငြင်းပွားမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၂/၂၀၁၄) နှင့် စပ်လျဉ်းသည့် နှစ်ဖက်ထွက်ဆိုတင်ပြ ချက်မှတ်တမ်းများစသည့် အထောက်အထားများအပေါ် အခြေပြု၍ အောက်ပါအတိုင်း ကောက်ချက်ကိုရေးဆွဲချမှတ်ခဲ့သည်။

**ကောက်ချက်။** အလုပ်ရှင်သည် အလုပ်သမားဖြစ်သူ ဦးအောင်သီဟကို အလုပ်မှ ထုတ်ပယ်ခဲ့သည့်အတွက် နစ်နာကြေးပေးရန် တာဝန်ရှိ/မရှိ

၄။ အထက်ပါကောက်ချက်နှင့် စပ်လျဉ်း၍ တတ်နိုင်သမျှမှန်ကန်မျှတစွာ စဉ်းစားသုံးသပ် ဆုံးဖြတ်ပေးနိုင်ရန်နှင့် ခုံအဖွဲ့ဝင်များထပ်မံသိရှိလိုသည့် အချက်အလက်များကို မေးမြန်းနိုင်ရန် အတွက် နှစ်ဖက်အငြင်းပွားသူများကို (၁၈-၉-၂၀၁၄)ရက်နေ့တွင် ခုံအဖွဲ့ရှေ့မှောက်သို့လာ ရောက်ဆင့်ဆိုခဲ့ပြီး ခုံအဖွဲ့ဝင်များက ထပ်မံသိရှိလိုသောအချက်များနှင့် သေချာရေရာမှုရှိစေ လိုသောအချက်များကို စစ်ဆေးမေးမြန်း ထွက်ဆိုချက်များရယူဆောင်ရွက်ခဲ့သည်။

<u>ဓလေ့လာတွေ့ရှိချက်</u>

၅။ အလုပ်ရှင်ဘက်မှ အဓိကတင်ပြချက်များတွင် အလုပ်သမား ကိုအောင်သီဟ၏ အကျင့် စာရိတ္တနှင့်ပတ်သက်၍ ဖယောင်းတိုင်ရောင်းရငွေကျပ် - ၁၃၇၂၅၀/- ကို ငွေစာရင်းဌာနသို့ ပေးသွင်းခြင်းမပြုဘဲ ကိုယ်ကျိုးသုံးစွဲထားကြောင်း စွပ်စွဲတင်ပြထားပြီး၊ စည်းကမ်းပိုင်းနှင့်စပ်လျဉ်း ၍ ခွင့်မဲ့ပျက်ရက်များလွန်နေသည့်အပြင် ခွင့်ကိုလည်း စည်းကမ်းနှင့်အညီ တာဝန်သိစွာ တိုင်ကြားခြင်းလည်းမရှိသည့်အတွက် အလုပ်မှထုတ်ပယ်ရခြင်းဖြစ်ကြောင်း တင်ပြထားသည်။

၆။ အလုပ်သမားဘက်မှလည်း ဖယောင်းတိုင်ဖိုးငွေကျပ် - ၁၃၇၂၅၀/- ကို၊ ကိုဇော်မင်းထက် ထံပေးပေးရန် ဦးရွှေမန်းဆိုသူက ၂၀၁၄ ခုနှစ်၊ မေလအတွင်း ၎င်းထံအပ်ထားခဲ့ကြောင်း ကိုဇော်မင်းထက် ပြည်ပသို့သွားရောက်ချိန်နှင့်တိုက်ဆိုင်နေသဖြင့် ထိုငွေကို ၎င်း၏ဇနီးထံ ထိန်းသိမ်းရန်ပေးထားစဉ်ကာလအတွင်း ခါးပိုက်နှိုက်ခံရသဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ၎င်း၏ လစာထဲမှ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်းထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

၇။ ဆက်လက်၍ အလုပ်သမားဖြစ်သူက ၎င်းခွင့်ယူသည်မှာမှန်ကန်ပါကြောင်း သို့ရာတွင် ကျွန်တော်အနေဖြင့် ကြိုတင်ခွင့်ယူရန်အခြေအနေမပေးသည့်အတွက် ဖုန်းဖြင့်ခွင့်တိုင်ကြားခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ထိုသို့ခွင့်ယူခြင်းအတွက်ကိုလည်း ရုံးသဘောအရခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ခွင့်မဲ့ပျက်ကွက်ခြင်းမှာ မဟုတ်ပါကြောင်း တင်ပြခဲ့သည်ကို တွေ့ရှိရသည်။

<u>သုံးသပ်ချက်</u>

၈။ အလုပ်ရှင်၏တင်ပြချက်တွင်ပါရှိသည့် ငွေကြေးအလွဲသုံးမှုကိစ္စသည် လုပ်ငန်းတွင်း၌ ဖြေရှင်းပြီးကိစ္စဖြစ်နေသည့်အပြင် ထိုသို့သော ကိစ္စရပ်များကိုတည်ဆဲ လုပ်ထုံးလုပ်နည်းများအရ ဤခုံအဖွဲ့ကအရေးယူစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ပေ။

၉။ ဤခုံအဖွဲ့သည် အလုပ်ထုတ်ခံရသည့် အလုပ်သမားဖြစ်သူ ကိုအောင်သီဟ၏ လုပ်သက် (၁၄)နှစ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ လစ်လျူရှုထား၍မဖြစ်ပေ၊ (၁၄)နှစ်ဆိုသော လုပ်သက်သည် နည်းသည့်မဟုတ်ပါပေ။ ထို့ကြောင့် ထိုမျှသောပြစ်မှုမျှလောက်ဖြင့် လုပ်သက်ရင့် အလုပ်သမားတစ်ဦးကို တစ်ချက်လွှတ် အလုပ်မှထုတ်ပယ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ မည်သည့် အကြောင်းကြောင့်ပင်မဆို ဥပဒေရှုထောင့်မှသာမက လူမှုရေးရှုထောင့်မှလည်း စဉ်းစားသုံးသပ် ဆုံးဖြတ်ပေးရန် တာဝန်ရှိပေသည်။

၁၀။ ခုံသမာဓိကောင်စီ၏ တာဝန်ဝတ္တရားအရမှာလည်း အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ-၂၁ (က)တွင် "ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှမှုဖြစ်ရေး သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းအဖြစ်ရပ်တည်ဆောင်ရွက် ခြင်း"ဟူ၍ ဖော်ပြထားပေသည်။

၁၁။ သို့ဖြစ်ပေရာ ဤခုံအဖွဲ့အနေဖြင့် သင့်တင့်မျှတမှုရှိစေရန် ဆုံးဖြတ်ရမည်သာဖြစ်ပေသည်။

<u>ဆုံးဖြတ်ချက်</u>

၁၂။ အထက်ဖော်ပြပါအချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှု အမှတ် (၅၂/၂၀၁၄) နှင့် စပ်လျဉ်းသည့် (၂-၉-၂၀၁၄)ရက်စွဲပါ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၃။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ အလုပ်ရှင်ဘက်မှပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ-၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

(ဦးမောင်မောင်ဝင်း)
အဖွဲ့ဝင်

(ဦးအေးငွေ)
ဥက္ကဋ္ဌ

(ဦးညာဏ)
အဖွဲ့ဝင်